# ချင်းဒုက္ခသည်ကော်မတီကို လူ့အခွင့်အရေးဆုချီးမြှင့်

ကိုဝိုင်း / ၁၂ ဒီဇင်ဘာ ၂၀၀၆ / ၁၈း၁၅



Photo-CRC

စီအာစီအဖွဲ့ ဆုလက်ခံရယူနေစဉ်

'ချင်းဒုက္ခသည်များကော်မတီ' (စီအာစီ) ကို မလေးရှားလူ့အခွင့်အရေးအဖွဲ့ (SUARAM) က ယခုနှစ်အတွက် လူ့အခွင့်အရေးဆု ချီးမြှင့်သည်။

လူ့အခွင့်အရေးဆုကို SUARAM အဖွဲ့က ၁၉၉၉ ခုမှစ၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး မလေးရှားရှိ အန်ဂျီအိုများ၊ လူမှုအဖွဲ့အစည်းများ၏ လူ့အခွင့်အရေးဆိုင်ရာများနှင့်ပတ်သက်ပြီး အသိပညာပေးခြင်း၊ အကာအကွယ်ပေးခြင်း စသည့်လုပ်ဆောင်ချက်တို့ကို လေ့လာစုံစမ်း၍ ဆုချီးမြှင့်ခြင်းဖြစ်သည်။

စီအာစီအတွက် လူ့အခွင့်အရေးဆုလက်မှတ်ကို ယခုလ (၈) ရက်၌ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အခမ်းအနားဖြင့် ပေးအပ်သည်။

စီအာစီသည် ချင်းလူမျိုးတမျိုးတည်းကိုသာမက မလေးရှားသို့ရောက်လာသည့် မြန်မာနိုင်ငံသား မည်သူကိုမဆို ရဲအချုပ်၊ ထောင်တွင်းနှင့် ထိန်းသိမ်းရေးစခန်းတို့၌ လိုအပ်သည်များကို လက်လှမ်းမီသရွေ့ ဖြည့်ဆည်းကူညီပေးပြီး မလေးရဲများ၏ လုပ်ကြံဖမ်းဆီးမှုများနှင့် ရိုက်နှက်သည့်အခါ၌လည်း လူ့အခွင့်အရေးအခြေခံ၍ ပညာပေးဖြေရှင်းပေးနေသည့် အဖွဲ့ဖြစ်သည်ဟု စီအာစီဒု–ဥက္ကဋ္ဌ ဆလိုင်းဆန်းအောင်က ပြောကြားသည်။

"ထောင်ထဲမှာဆိုရင် ရဲရိုက်လို့ သေဆုံးသွားတဲ့လူတွေလည်းရှိတယ်၊ အချင်းချင်းရန်ဖြစ်ကြတဲ့ လူတွေလည်းရှိတယ်။ အဲဒီအချိန်ဆိုရင် အန်ဂျီအိုတွေ၊ မလေးရှားရဲတွေနဲ့အတူတကွ နောက်မဖြစ်အောင် လုပ်ရှားတာတွေရှိပါတယ်" ဟု ၎င်းကပြောသည်။

မလေးရှားနိုင်ငံသို့ ထွက်ပြေးလာသည့် ချင်းလူမျိုးများမှာ မတူပီ၊ ပလက်ဝ၊ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန် စသည့်မြို့နယ်များမှဖြစ်ပြီး နအဖစစ်တပ်က လမ်းဖောက်ခိုင်းခြင်း၊ လက်ဖက်စိုက်ခင်းများဖော်ခိုင်းခြင်း၊ တပ်ပြောင်းရွှေ့ရာတွင် ပေါ်တာဖမ်းခြင်း စသည်ဖြင့် နေ့စဉ်နှင့်အမျှ အဓမ္မခိုင်းစေနေသောကြောင့် ကိုယ်ပိုင်အလုပ်များမလုပ်နိုင်တော့ဘဲ ဆင်းရဲငတ်မွတ်မှုဒဏ် မခံနိုင်တော့၍ ယခုကဲ့သို့ ပြေးလာရခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအခြေအနေ၌ စီအာစီထံ ဒုက္ခသည်အဖြစ် စာရင်းပေးသွင်းထားသည့် ချင်းလူမျိုး စုစုပေါင်း (၂၀,၀၀၀) ခန့်ရှိပြီး ၎င်းတို့အထဲမှ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) က တရားဝင်အသိအမှတ်ပြုထားသည့် ဒုက္ခသည် (၃,၀၀၀) ကျော်ရှိကြောင်း ဆလိုင်းဆန်းအောင်ကပြောသည်။

ချင်းလူမျိုးများသည် မလေးရှားနိုင်ငံသို့ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ဆက်တိုက်ဝင်ရောက်လာကြခြင်းဖြစ်ပြီး ၂၀၀၃ ခုမှ ယခုနှစ်အတွင်း UNHCR ၏အစီအစဉ်ဖြင့် အမေရိကန်၊ ကနေဒါ၊ နော်ဝေး၊ ဒိန်းမတ်၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သို့ အခြေချရန် ထွက်ခွာသွားသူ (၁,၃၀၀) ခန့်ရှိကြောင်း သိရသည်။ ■